FOUNDATION

**Press Release**

# အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် ၂၀၁၈ အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းမှ ကာဇတ်စတန်အသင်းကို အဖွင့်အုပ်စုပွဲစဉ်တွင် အနိုင်ရရှိ

- အင်ဒိုနီးရှားနိုင်ငံရှိ ဂျကာတာမြို့နှင့် ပါလန်ဘန်မြို့တို့တွင် စုစုပေါင်း ပြိုင်ပွဲဝင် အသင်းပေါင်း ၂၀ သင်း ယှဉ်ပြိုင်ကစားကြ

**ဂျကာတာ - ဩဂုတ်လ ၂၁ ရက်၊ ၂၀၁၈ ခုနှစ်** - ဒေါ်ရှားပေါ်လ်ကုမ္ပဏီမှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုအဖွဲ့ အစည်းတစ်ခုဖြစ်သည့် ဒေါ်ရှားပေါ်လ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတစ်ဝန်း ကောင်းမွန်သော လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ ဖြိုးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ အင်ဒိုနီးရှားနိုင်ငံရှိ ဂျကာတာမြို့နှင့် ပါလန်ဘန်မြို့တို့တွင် ကျင်းပလျက်ရှိသော ၂၀၁၈ အာရှအားကစားပွဲတွင် သွားရောက်ယှဉ်ပြိုင်ကစားလျက်ရှိ သည့် မြန်မာအမျိုးသားလက်ရွေးစင် ဘောလီဘောအသင်းကြီးအား ဂုဏ်ယူဝမ်းမြောက်စွာ အဓိကပံ့ပိုးအားပေးခဲ့ပါသည်။

အဖွင့်ပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်ကစားခဲ့သောရမှတ်များ (၃ - ၁) -

ပွဲစဉ်ငယ် (၁) မြန်မာ ၁၇ - ၂၅ ကာဇတ်စတန်

ပွဲစဉ်ငယ် (၂) မြန်မာ ၂၅ - ၂၂ ကာဇတ်စတန်

ပွဲစဉ်ငယ် (၃) မြန်မာ ၂၅ - ၁၉ ကာဇတ်စတန်


ပွဲစဉ်ငယ် (၄) မြန်မာ ၂၅ - ၁၈ ကာဇတ်စတန်

ယခုနှစ်ပြိုင်ပွဲကြီးတွင် စုစုပေါင်း ပြိုင်ပွဲဝင် အသင်းပေါင်း (၂၀) ပြိုင်ပွဲ အုပ်စု (၆) စုဖြင့် ရွှေ ၊ ငွေ ၊ ကြေးတံဆိပ်များအတွက် ဆွတ်ခူးရရှိနိုင်ရန် ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။

**ASIA WORLD FOUNDATION**
No. 39-40, Bogyoke Aung San Road, Bahosi Development, Wadan Street, Lanmadaw Township, Yangon, Myanmar

| | | |
|---|---|---|
| အုပ်စု (က) | အုပ်စု (ခ) | အုပ်စု (ဂ) |
| ၁- ဆော်ဒီအာရေဗီးယား | ၄- ပါကစ္စတန် | ၇-ကာဇတ်စတန် |
| ၂- ခီးယားကစ္စတန် | ၅-မွန်ဂိုလီးယား | ၈-ဂျပန် |
| ၃- အင်ဒိုနီးရှား | ၆-အီရန် | ၉-မြန်မာ |

| | | |
|---|---|---|
| အုပ်စု (ဃ) | အုပ်စု (င) | အုပ်စု (စ) |
| ၁၀- ကိုးရီးယား | ၁၃-ထိုင်း | ၁၇-အိန္ဒိယ |
| ၁၁- နီပေါလ် | ၁၄-ဗီယက်နမ် | ၁၈-ဟောင်ကောင် (တရုတ်) |
| ၁၂- တရုတ် ( တိုင်ပေ ) | ၁၅-တရုတ် | ၁၉-မားလ်ဒိုက်စ် |
| | ၁၆-သီရိလင်္ကာ | ၂၀-ကာတာ |




*မြန်မာ့အမျိုးသားလက်ရွေးစင် ဘောလီဘောအသင်း၏ပုံရိပ်*

မြန်မာ့လက်ရွေးစင်အမျိုးသားဘောလီဘောအသင်းကြီး အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ပါစေကြောင်း အေးရှားဝေါလ် ဖောင်ဒေးရှင်းမှ ဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

-- END –

FOUNDATION

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်ထားပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ ပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး နှင့် သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး အစရှိသည့် ကဏ္ဍများတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက် ရှိပါသည်။

တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်း တည်ထောင်ရာတွင် ပညာရေးသည် အရေးပါသော အခြေခံဖြစ်သည်ဟု အေးရှားဝေါလ် ဖောင်ဒေးရှင်းမှ ယုံကြည်ထားပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များသည် လည်း လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံသားများ၏ ကိုယ်ရောစိတ်ပါ ကျန်းမာမှုသည် နိုင်ငံ၏ ကြံ့ခိုင်မှုပင် ဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ကျန်းမာရေး စောင့်ရှောက်မှု များ လိုအပ်နေသော ကျေးရွာဒေသများတွင် ကျန်းမာရေး စစ်ဆေးမှုများနှင့် ဆေးကုသမှုများစီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဘောလုံးနှင့် ဘော်လီဘော အစရှိသော အားကစားကဏ္ဍများတွင်လည်း ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

ပြည်သူများ၏ လူနေမှုဘဝများ၊ မိသားစုများနှင့် လူမှုအဖွဲ့အစည်းများအပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် ထိရောက်သော ပံ့ပိုးကူညီမှုများပြုလုပ်ပေးခြင်းသည် အေးရှားဝေါလ်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

**ASIA WORLD FOUNDATION**
No. 39-40, Bogyoke Aung San Road, Bahosi Development, Wadan Street, Lanmadaw Township, Yangon, Myanmar